# — SAN MATEO COUNTY —

## CALIFORNIA VOTER'S CHOICE ACT

## (ကယ်လီဖိုးနီးယား မဲပေးသူ၏ ရွေးချယ်မှု ဥပဒေ)

## 2020 ခုနှစ်၊ ဇန်နဝါရီလ — 2024 ခုနှစ်၊ ဇန်နဝါရီလအတွက် ဖြည့်စွက်ချက်

# ရွေးကောက်ပွဲ စီမံချက်

## 2020 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်၊ အထွေထွေ ရွေးကောက်ပွဲအတွက်





OFFICE OF MARK CHURCH

**CHIEF ELECTIONS OFFICER & ASSESSOR-COUNTY CLERK-RECORDER**

REGISTRATION & ELECTIONS DIVISION

40 Tower Road, San Mateo, CA 94402

**phone** 650.312.5222 **fax** 650.312.5348

**email** registrar@smcacre.org **web** www.smcvote.org

@smcvote

This page intentionally left blank

# မာတိကာ

**ရွေးကောက်ပွဲအရာရှိချုပ်ထံမှ သတင်းစကား** ........ 1

**ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုများအား ခြုံငုံသုံးသပ်ချက်** ........ 2

**ဘေးကင်းစွာ မဲပေးရန် ရွေးချယ်စရာများ** ........ 3

*မဲပေးစင်တာများ* ........ 3

*စာပို့ မဲပေးခြင်း* ........ 3

*မဲပြားပုံနှိပ်ခြင်း* ........ 3

*မဲပြားကို စာတိုက်မှပို့ခြင်း* ........ 4

*အစားထိုး မဲပြားများ* ........ 4

*စာပို့၍ အဝေးရောက်မဲပေးခြင်း* ........ 4

*မဲစာတိုက်ပုံးများ* ........ 4

*ပလက်ဖောင်းဘေးမှပေးထားခဲ့ခြင်းနှင့် ကားထဲမှနေ၍မဲပေးခြင်း* ........ 4

*မဲရေတွက်ခြင်း* ........ 5

**မဲပေးသူများအား ပညာပေးခြင်းနှင့် လက်လှမ်းကူညီခြင်း** ........ 6

*မဲပေးသူများအတွက် အလုပ်ရုံဆွေးနွေးပွဲများ* ........ 6

*မဲပေးသူများထံ စာတိုမက်ဆေ့ချ်များဖြင့် လက်လှမ်းခြင်း* ........ 6

*မှတ်ပုံတင်နှုန်း ပျမ်းမျှအောက်နည်းသည့် နေရာများအား ဦးတည်ထားသည့် ပို့စကတ်များ* ........ 6

**ရွေးကောက်ပွဲဆိုင်ရာ စီမံချက် ၂၀၂၀ - ၂၀၂၄ အတွက် ပြောင်းလဲမှုအကျဉ်းချုပ်နောက်ဆက်တွဲ** ........ 7

*အဆိုပြုထားသည့် မဲပေးစင်တာ နေရာများ* ........ 7

*မဲစာတိုက်ပုံး တည်နေရာများ* ........ 7

*မဲပေးစင်တာ နေရာအနေအထား* ........ 7

*ရပ်ရွာမိတ်ဖက်များ* ........ 7

*ရပ်ရွာပွဲလမ်းပြပြက္ခဒိန်* ........ 7

*မီဒီယာမိတ်ဖက်များ* ........ 7

*ဥပမာ- တိုက်ရိုက်မဲပေးသူထံ အဆက်အသွယ်* ........ 7

**အများပြည်သူ သဘောထားမှတ်ချက်များ** ........ 8

**မှတ်ပုံတင်နှင့် ရွေးကောက်ပွဲများဌာနခွဲ၏ ပြန်စာ** ........ 9

This page intentionally left blank

OFFICE OF
**ASSESSOR-COUNTY CLERK-RECORDER & ELECTIONS**
COUNTY OF SAN MATEO

**MARK CHURCH**
CHIEF ELECTIONS OFFICER &
ASSESSOR-COUNTY CLERK-RECORDER

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

မဲပေးဖော်များခင်ဗျား၊

San Mateo County ၏ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ ရွေးကောက်ပွဲဆိုင်ရာ စီမံချက် (EAP) အတွက် ဤဖြည့်စွက်ချက်တွင် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် သီးသန့် အစီအစဉ်များပါဝင်ပါသည်။ လတ်တလော ကမ္ဘာတစ်လွှားတွင်ကပ်ရောဂါဖြစ်နေချိန်၌ ပုံမှန်မဟုတ်သော၊ ယခင်မကြုံဖူး သော အခြေအနေများတွင် ရွေးကောက်ပွဲကျင်းပရခြင်းကြောင့် ကျွန်ုပ်တို့ EAP ကိုပြောင်းလဲပြင်ဆင်ရန်အတွက် ဤဖြည့် စွက်ချက်ကိုလိုအပ်ရခြင်း ဖြစ်သည်။ စပိန်တုပ်ကွေးဒုတိယလှိုင်းကြောင့် ယခင်ကြားဖြတ်ရွေးကောက်ပွဲများထက် မဲပေးသူ နည်းခဲ့သည့် ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်ရွေးကောက်ပွဲနှင့်မတူဘဲ COVID-19 ကပ်ဆိုက်နေချိန်မှာပင် ယခုရွေး ကောက်ပွဲအတွက် ဒေသတွင်းမဲပေးသူဦးရေစံချိန်တင်မည်ဟု မျှော်မှန်းထားပါသည်။ နောက်စာမျက်နှာများတွင် ယခု နိုဝင်ဘာလရွေးကောက်ပွဲအတွက် ကျွန်ုပ်တို့လိုက်နာသွားမည့်ဥပဒေစည်းမျဉ်းများနှင့် ပြည်နယ်မှလမ်းညွှန်မှုများသို့ ညွှန်ပေးသွားမည် ဖြစ်ပါသည်။

**တစ်ခုသာ မှတ်မိနိုင်မည်ဆိုလျှင် San Mateo County မဲပေးသူများအနေဖြင့် ဘေးကင်း၊ လုံခြုံပြီး အဆင်ပြေသည့် ပုံစံမျိုးဖြင့် ၎င်းတို့မျှော်မှန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဆိုသည့် အချက်ပင် ဖြစ်ပါသည်။**

San Mateo County သည် မိမိတို့ ပြည်နယ်အတွင်း၌ ကယ်လီဖိုးနီးယား မဲပေးသူ၏ ရွေးချယ်မှု ဥပဒေအရ စာပို့မဲပေးခြင်း (Vote by Mail " VBM) ကို စတင်အသုံးပြုခဲ့သည် ပထမဆုံး ကောင်တီများမှ တစ်ခုဖြစ်ပြီး ယခုရွေးကောက်ပွဲမှာ မဲပေးသူ၏ ရွေးချယ်မှု ဥပဒေ အရ ငါးကြိမ်မြောက် ရွေးကောက်ပွဲ ဖြစ်ပါသည်။ ကျွန်ုပ်တို့ စံလုပ်ထုံးလုပ်နည်းအရ မှတ်ပုံတင်ထားသည့် မဲပေးသူ အားလုံးထံ 'I Voted' စတစ်ကာပါ VBM မဲပြားနှင့် တံဆိပ်ခေါင်းကြေးရှင်းပြီး ပြန်ပို့ရန်စာအိတ်တို့ကို စာတိုက်မှ ပေးပို့မည် ဖြစ်ပါသည်။ မဲပေးသူတိုင်းသည် ဘေးကင်းရာ၊ အဆင်ပြေရာ မိမိတို့အိမ်မှ မဲပေးနိုင်ရန် အခွင့်အလမ်းရှိမည်ဖြစ်ပြီး ၎င်းသည် ယခု COVID-19 အခြေအနေအတွက် အထူးအရေးကြီးမည် ဖြစ်ပါသည်။

လူကိုယ်တိုင် မဲပေးလိုပါကလည်း မဲပေးစင်တာ ၄၅ ရုံ အသင့်ထားပေးမည် ဖြစ်ပါသည်။ အောက်တိုဘာလ ၅ ရက်နေ့တွင် ကြိုတင်မဲပေးရုံ သုံးရုံကို ဖွင့်ပေးမည် ဖြစ်ပါသည်။ မဲပေးသူများနှင့် မဲပေးစင်တာတာဝန်ကျသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို ကာကွယ်ပေးရန်အတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကြိုတင်လုပ်ဆောင်ချက်များ အများအပြား ရှိထားမည် ဖြစ်သည်။ မဲပေးစင်တာဝန်ထမ်းများကို တစ်ကိုယ်ရေသုံး အကာအကွယ် ဝတ်စုံများ ပေးထားမည်ဖြစ်ပြီး မဲပေးသူများအကြား အများအပြား ထိတွေ့မှုကို အနည်းဆုံး လျှော့ချနိုင်ရန်အတွက် မဲပေးသူများအတွက် တစ်ခါသုံး ပစ္စည်းများ ပေးထားမည်ဖြစ်သည်။ မဲပေး Ballot Marking Tablet များနှင့် မဲပေးခန်းများ ကဲ့သို့သော လူအများကြား မျှသုံးရမည့် ပစ္စည်းများနှင့် မျက်နှာပြင်များကို တစ်ဦးမဲပေးပြီးလျှင်တစ်ကြိမ် သန့်ရှင်းရေး လုပ်သွားပါမည်။ ဤဆောင်ရွက်ပုံ အသစ်များကြောင့် ရွေးကောက်ပွဲရက်တွင် စောင့်ဆိုင်းရချိန် တိုးလာနိုင်ပါသည်။

မဲပေးသူ အများစုအတွက် ရွေးချယ်နိုင်သည့် မဲပေးနည်း အသစ်မှာ စာတိုက်မှ အဝေးရောက်မဲ ပေးပို့ခြင်း (Remote Accessible Vote by Mail " RAVBM) စနစ်အားဖြင့် မဲပေးနိုင်ခြင်း ဖြစ်ပါသည်။ RAVBM သုံး၍ မဲပေးသူများ အနေဖြင့် အင်တာနက် ချိတ်ဆက်ထားသည့် ကွန်ပျူတာနှင့် ပရင်တာတို့ကိုသုံး၍ ၎င်းတို့ရွေးချယ်မှုကို မှတ်သားကာ မဲကိုပုံနှိပ်ထုတ်နိုင်မည် ဖြစ်ပါသည်။ San Mateo County သည် မိမိတို့ ပြည်နယ်အတွင်း ပထမဆုံးအနေဖြင့် စာတိုက်မှ အဝေးရောက် မဲပေးသည့်စနစ်ကို ၂၀၁၇ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပါသည်။ ၎င်းကို မသန်စွမ်းသူများ၊ နိုင်ငံရပ်ခြား နေသူများနှင့် စစ်မှုထမ်းနေသူ ပုဂ္ဂိုလ်များအား မဲပေးရာတွင် ကူညီပေးနိုင်ရန် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ RAVBM စနစ်အတွင်း ဝင်ရောက်အသုံးပြုနည်းကို ကျွန်ုပ်တို့ဝက်ဘ်ဆိုက် www.smcvote.org တွင် ဖော်ပြထားပြီး မဲပြားနမူနာနှင့် မဲပေးသူဆိုင်ရာ လက်ကမ်းစာစောင်တို့နှင့် သင့်တရားဝင် မဲထုပ်တို့တွင် ထည့်သွင်းပေးထားမည် ဖြစ်ပါသည်။

မည်သည့်နည်းလမ်းကို ရွေးချယ်သည်ဖြစ်စေ မဲပေးဖို့ အားပေးတိုက်တွန်းလိုပါသည်၊ ကြိုတင်မဲပေးရန်လည်း အားပေးတိုက်တွန်းလိုပါသည်။

လေးစားစွာဖြင့်၊

Mark Church

40 Tower Road, San Mateo, CA 94402
**P** 650.312.5222 **F** 650.312.5348 **email** registrar@smcacre.org **web** www.smcacre.org

## ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုများအား ခြုံငုံသုံးသပ်ချက်

San Mateo Country ဆိုင်ရာ မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲမှ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ အထွေထွေ ရွေးကောက်ပွဲအတွက် အောက်လွှတ်တော်အမိန့် ၈၆၀ နှင့် ထက်လွှတ်တော်အမိန့် ၄၂၃ တို့အရ ချမှတ်ထားသည့် California ရွေးကောက်ပွဲစည်းမျဉ်းအပေါ် ပြောင်းလဲမှုများအား လိုက်နာမည်။ ကျွန်ုပ်တို့သည် အတွင်းရေးမှူးချုပ်၏ COVID-19 ဖြစ်ပွားနေချိန်တွင် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ချက်များ (တည်းဖြတ် ၂၇/၈/၂၀၂၀)၊ အဆိုပါ လမ်းညွှန်ချက်အပေါ် ထပ်တိုးပြောင်းလဲမှုများကိုလည်း လိုက်နာသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် ကောင်တီအဆင့် ပြည်သူ့ကျန်းမာရေး အမိန့်စာများနှင့်အညီ မဲပေးသူများနှင့် မဲပေးစင်တာတာဝန်ကျသူများကို ဘေးကင်းစေရန် ဒီဇိုင်းထုတ်ထားသော ကျွန်ုပ်တို့ မဲပေးစင်တာများအတွက် ကျန်းမာရေးနှင့် ဘေးကင်းရေး အလေ့အကျင့်များကို အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

အများပြည်သူ ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် မဲပေးစင်တာတစ်ခုစီတွင် မဲပေးသူများကို မျက်နှာဖုံးဝတ်ရန် သတိပေးမည့်၊ ကာကွယ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ မေးသမျှ ဖြေကြားပေးမည့်၊ မဲပေးသူများအား လူချင်းခွာနိုင်ရန် သတ်မှတ်ထားသည့် အမှတ်များကို လိုက်နာရန်သတိပေးမည့် ကျန်းမာရေး ကိုယ်စားလှယ်/ကြိုဆိုသူ တစ်ဦးစီ ထားရှိပေးမည် ဖြစ်ပါသည်။ မသန်စွမ်းသူများဆိုင်ရာ ကျင့်ဝတ်ထုံးတမ်း သင်တန်းဆင်းထားသည့် ကြိုဆိုသူများသည် မဲပေးသူ လူအတန်းတိုင်းသို့ လှည့်လည်ပြီး လူတိုင်းအား မေးစရာများ ရှိမရှိ သို့မဟုတ် အကူအညီလိုမလို မေးပါမည်။ မဲပေးစင်တာအတွင်း ရောက်သည့်အခါ တာဝန်ကျသူများမှ မဲပေးသူများကို လူချင်းခွာရန်မလိုဘဲ ကူညီပေးနိုင်ရန်အတွက် အဝင်စာရင်းပေးသည့် စားပွဲများတွင် plexiglass အကာများ ထားရှိမည် ဖြစ်သည်။

အောက်လွှတ်တော်အမိန့် ၈၆၀ အရ San Mateo County အတွက် လိုအပ်ချက်အသစ်

- ကျွန်ုပ်တို့ စာတိုက်မှ အဝေးရောက်မဲ ပေးပို့ခြင်း (Remote Accessible Vote by Mail ” RAVBM) စနစ် လူတိုင်းဝင်ရောက် အသုံးပြုနိုင်ရန် လုပ်ဆောင်ပေးပါသည်။[1]
- ရွေးကောက်ပွဲရက် ရက်စွဲဖြင့် စာတိုက်မှပေးပို့ခဲ့သည့် မဲများကို နောက်ဆုံးလက်ခံပေးမည့်ရက်ကို ရွေးကောက်ပွဲရက်ပြီးနောက် ၁၇ ရက်မြောက်နေ့အထိ တိုးချဲ့ပေးသည်။[2]
- စာတိုက်မှပေးပို့သည့် မဲများအား လက်ခံကိုင်တွယ်ခြင်းကို ရွေးကောက်ပွဲမတိုင်မီ ၂၉ ရက်အလိုမှ စတင်ရှိသည်။[3]

အောက်လွှတ်တော်အမိန့် ၈၆၀ အရ ကောင်တီများအနေဖြင့် စာတိုက်မှပေးပို့သည့် မဲအားလုံးအတွက် မဲပေးသူများကို မဲခြေရာခံစနစ်တစ်ခုဖြင့် ပံ့ပိုးပေးရန် လိုအပ်ပါသည်။ San Mateo County မှ မဲပေးသူများအနေဖြင့် ကျွန်ုပ်တို့ ဝက်ဘ်ဆိုက်ကိုသုံး၍ ၎င်းတို့၏ မဲကိုလက်ခံရရှိခြင်း ရှိမရှိ၊ ရေတွက်ပြီးခြင်း ရှိမရှိကို အတည်ပြုနိုင်မည် ဖြစ်ပါသည်။ အတည်ပြုရန် www.smcvote.org မှ My Election Info သို့ဝင်ပါ။ မဲပေးသူများသည် အတွင်းရေးမှူးချုပ်မှ ပံ့ပိုးပေးထားသည့် Where's My Ballot? ကိုသုံး၍ မိမိတို့ စာတိုက်မှပေးပို့သည့် မဲများကို ခြေရာခံသည့်စနစ်ကို မှတ်ပုံတင်၍ အသုံးပြုနိုင်ပါသည်။

ကောင်တီများ အနေဖြင့် အထက်လွှတ်တော်အမိန့် ၄၂၃ အရ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်မတိုင်မီ ၃ ရက်အလိုတွင် ပြည်နယ်တစ်ခုလုံးမှ မဲပေးစင်တာများ ဖွင့်ရမည်ဖြစ်ပြီး San Mateo County သည် ရွေးကောက်ပွဲ မတိုင်မီ ၂၉ ရက်ကြို၍ မဲပေးစင်တာသုံးရုံဖွင့်ထားမည့် အစဉ်အလာကို ဆက်ထိန်းသွားပါမည်။

၂၀၂၀ ခုနှစ်၊ မေလတွင် အတွင်းရေးမှူးချုပ်ရုံးမှ ရွေးကောက်ပွဲ စည်းမျဉ်း (EC) ၁၄၂၀၁ ၏ လူနည်းစုသုံး ဘာသာစကား ရေးချယ်သတ်မှတ်ချက်အရ ပြည်နယ်ဥပဒေနှင့်အညီ ထည့်သွင်းအသုံးပြုရန် ဘာသာစကား အသစ်များကို ထပ်မံထည့်သွင်းခဲ့သည်။ ဤဘာသာစကား သုံးမျိုးကို San Mateo County အတွက် လိုအပ်သော ဘာသာစကား

စာရင်းသို့ ထည့်သွင်းခဲ့သည်- မြန်မာ၊ ဟိန္ဒူနှင့် ဂျပန် တို့ဖြစ်သည် San Mateo County တွင် မဲပြားမိတ္တူများကို ၎င်းဘာသာစကားများနှင့် ပံ့ပိုးပြသပေးမည် ဖြစ်ပြီး ၎င်းတို့အတွက် ပညာပေးနှင့် လက်လှမ်းကူညီမှုများ ပံ့ပိုးပေးမည်။

မှတ်ပုံတင်နှင့်ရွေးကောက်ပွဲများဌာနခွဲသည် မဲပေးရန်ရွေးချယ်ချက်များ သာ၍ပင်များပြားစေရန် ထရပ်ကားဖြင့် ရွှေ့ပြောင်း၍ရသော ယာယီအဆောက်အဦတစ်ခုဖြစ်သည့် မိုဘိုင်းမဲပေးစင်တာတစ်ခု ထပ်မံထည့်သွင်းထားပါသည်။ အစီအစဉ်တွင် ဒေသန္တရ ဈေးဝယ်စင်တာကြီး နှစ်ခု၊ လေဆိပ်ယယ်တစ်ခုနှင့် Coastside ရှိ အထက်တန်းကျောင်းတစ်ခု အပြင် အထင်ကရနေရာတစ်ခုဖြစ်သည့် Cow Palace ၏ ကားရပ်နားရန်နေရာတို့ ပါဝင်ပါသည်။ ဤနေရာများကို ကာလီဖိုးနီးယား မဲပေးသူများရွေးချယ်ချက် အက်ဥပဒေ[4] တွင် ချမှတ်ထားသည့် စံ ၁၅ ချက်နှင့် (အများသူငါပါဝင်သည့် ဒီမိုကရေစီ စင်တာ) Center for an Inclusive Democracy တည်နေရာပြ ကိရိယာ၏ အကြံပြုချက်များအပေါ် အခြေခံ၍ ရွေးချယ်ထားပါသည်။

---

[1] RAVBM စနစ်ကို မသန်စွမ်းသည့်၊ နိုင်ငံရပ်ခြားတွင် နေထိုင်နေသည့်၊ စစ်မှုထမ်း မဲပေးသူများ၊ စစ်တပ်တွင်းရှိ မိသားစုဝင်များအတွက် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

[2] လက်ရှိ ဥပဒေအရ ရွေးကောက်ပွဲရက် ရက်စွဲဖြင့် စာတိုက်မှ ပေးပို့သည့် မဲများကို လက်ခံပေးမည့် နောက်ဆုံးရက်မှာ ရွေးကောက်ပွဲရက်ပြီး သုံးရက်မြောက်နေ့ ဖြစ်သည်။

[3] လက်ရှိဥပဒေအရ ကောင်တီများသည် ရွေးကောက်ပွဲမတိုင်မီ အလုပ်ဖွင့်ရက် ၁၀ ရက်အလိုမှ စတင်ပြီး စာတိုက်မှပေးပို့သည့် မဲများကို စတင်လက်ခံကိုင်တွယ်လျက် ရှိသည်။ ရလဒ်များကိုမူ ရွေးကောက်ပွဲည မဲစာရင်းမပိတ်မီအထိ ထုတ်ပြန်ကြေငြာမည် မဟုတ်ပါ။

[4] စံများတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ သမိုင်းကြောင်းအရ စာတိုက်မှမဲပေးသူဦးရေနည်းပါးသည့် လူမှုအသိုင်းအဝိုင်းများ၊ လူဦးရေစင်တာများ၊ လူနည်းစုဘာသာစကား အသိုင်းအဝိုင်းများ၊ မသန်စွမ်းသည့် မဲပေးသူများ၊ ကိုယ်ပိုင်ကားရှိနှုန်းနည်းသည့် လူမှုအသိုင်းအဝိုင်းများ၊ ဝင်ငွေနည်းသည့် လူမှုအသိုင်းအဝိုင်းများ၊ မဲပေးခွင့်ရှိသူများ မဲစာရင်းမပေးသည့် လူမှုအသိုင်းအဝိုင်းများ၊ ပထဝီအနေအထားအရ သီးခြားခွဲနေသော လူဦးရေများအပြင်၊ အခမဲ့ ကားရပ်နားခြင်း၊ မဲပေးသည့်နေရာသို့ မဲပေးသူတစ်ဦးမှ သွားရန် ကြာချိန်နှင့် အကွာအဝေး၊ မသန်စွမ်းသူများအတွက် မဲပေးရန်အခြားနည်းများ လိုအပ်ခြင်း၊ ယာဉ်သွားယာဉ်လာ ပုံစံ၊ ဥပဒေအရ သတ်မှတ်ထားသည့် မိုဘိုင်းစင်တာများအပြင် ပြည်သူပိုင် တက္ကသိုလ် သို့မဟုတ် ကောလိပ်ဝင်းအတွင်း မိုဘိုင်းစင်တာများ လိုအပ်မှု စသည်တို့ ပါဝင်ပါသည်။

## **ဘေးကင်းစွာ မဲပေးရန် ရွေးချယ်စရာများ**

San Mateo County တွင် ယခု အင်မတန် ခက်ခဲကြမ်းတမ်းသည့် အခြေအနေများ၌ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ အထွေထွေ ရွေးကောက်ပွဲကို ဘေးကင်းလုံခြုံစွာ ကျင်းပနိုင်ရန် ပြင်ဆင်ထားပါသည်။

*မဲပေးစင်တာများ*
မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲသည် COVID-19 အတွက် CDC နှင့် ကောင်တီဆိုင်ရာ ကျန်းမာရေးစံနှုန်းများနှင့် ကိုက်ညီစေရန် လုပ်ထုံးလုပ်နည်းများနှင့် မဲပေးစင်တာများအား ပြောင်းလဲပြင်ဆင်မှုများ လုပ်ဆောင်ရန် ၂၀၂၀ ခုနှစ်၊ မတ်လတွင် စတင်အစီအစဉ်ချခဲ့ပါသည်။

ယခုရွေးကောက်ပွဲအတွက် မဲပေးစင်တာ ၄၅ ခုကို ကောင်တီအနှံ့အပြားတွင် အဆင်ပြေပြေ ဖွင့်ထားပေးမည် ဖြစ်ပါသည်။ အကောင်းဆုံးမဲပေးစင်တာတည်နေရာများကို သိရှိရန်အတွက် မှတ်ပုံတင်နှင့် ရွေးကောက်ပွဲများဌာနခွဲ အသုံးပြုသည့် မဲပေးသူ၏ ရွေးချယ်ချက် အက်ဥပဒေတွင် ဖော်ပြထားသော အချက် ၁၅ ချက်နှင့် အများသူငါပါဝင်သည့် ဒီမိုကရေစီ စင်တာ၏ မဲပေးသည့်တည်နေရာပြ ကိရိယာကို (မှတ်ပုံတင်နှင့် အများသူငါပါဝင်သည့် ဒီမိုကရေစီ စင်တာ၏ ) အသုံးပြုခြင်း အပြင်၊ မဲပေးသူများနှင့် မဲပေးစင်တာ တာဝန်ကျသူများအကြား လုံလောက်သည့် အကွာအဝေးရှိကြောင်း သေချာစေရန် မဲပေးစင်တာများကို တိုင်းတာခြင်းလည်း ပြုလုပ်ထားပါသည်။ မဲပေးစင်တာ တည်နေရာအားလုံးသည် အလွယ်တကူ ဝင်ထွက်နိုင်ပါသည်။

မဲပေးစင်တာ ကိုယ်စားလှယ်များ (VCR) ကို အွန်လိုင်းနှင့် လူကိုယ်တိုင် (လူများအကြား အကွာအဝေးခွာပြီး လုပ်ဆောင်စေနိုင်မည့် သင်တန်းအခန်းများအတွင်း) နှစ်မျိုးစလုံးဖြင့် လေ့ကျင့်ပေးသွားမည် ဖြစ်သည်။ ယခင်က VCR တို့၏ အဓိကအခန်းကဏ္ဍများမှာ မဲပေးသူများကို စာရင်းသွင်းပေးရန်၊ မဲပေးသူများအတွက် မဲတံဆိပ်ရိုက်စက်များနှင့် တွဲသုံးရမည့် ပုံနှိပ်ထားသည့် မဲပြားများ သို့မဟုတ် ကတ်များ ပေးရန်ဖြစ်သော်လည်း ယခု VCR များကို သန့်ရှင်းရေးနှင့် ပိုးသန့်စင်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်၍လည်း လေ့ကျင့်ပေးသွားမည် ဖြစ်ပါသည်။ VCR များကို (မျက်နှာဖုံးများနှင့် လက်အိတ်များ ကဲ့သို့သော) တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ အသုံးပြုနည်းနှင့် ပတ်သက်၍လည်း လမ်းညွှန်သင်ပြပေးသွားမည် ဖြစ်ပါသည်။ ဤထပ်တိုးတာဝန်များကို ဖြည့်ဆည်းနိုင်ရန်အတွက် မဲပေးစင်တာဝန်ထမ်းအရေအတွက်ကို တိုးမြှင့် ခန့်ထားသွားမည် ဖြစ်ပါသည်။

VCR များအားလုံးအား မသန်စွမ်းသူများအပေါ် ကျင့်ဝတ်နှင့် အကူအညီရယူသူအပေါ် ဝန်ဆောင်မှုဆိုင်ရာ သင်တန်းပေးပါသည်။ ကျွန်ုပ်တို့၏ မသန်စွမ်းမှုအပေါ် သိနားလည်မှုရှိခြင်းသင်တန်းတွင် ပါရှိသည့် အခြေခံသဘောတရားများမှာ ယဉ်ကျေးရန်နှင့် အကူအညီ ကမ်းလှမ်းရန်နှင့် မဲပေးသူအား လိုအပ်သည့်ပံ့ပိုးမှုကို ရှင်းပြခွင့် ပေးရန်ဖြစ်ပါသည်။ မျက်နှာဖုံးမတပ်သူ မည်သူမဆိုကို ၎င်း၏ အခြေခံရပိုင်ခွင့်ဖြစ်သည့် မဲပေးပိုင်ခွင့် မငြင်းပယ်ရန် မျက်နှာဖုံးတပ်ခြင်းနှင့်ပတ်သက်၍ ရှိနေသည့် ခြွင်းချက်များကိုလည်း ၎င်းတို့အား သိရှိစေပါမည်။

မျက်နှာဖုံးမတပ်သော မဲပေးသူတစ်ဦးအား စာတိုက်မှမဲပေးသည့် မဲပြားတစ်ခု အိမ်သို့ယူသွားရန် ထုတ်ပေးခြင်း၊ RAVBM စနစ်အကြောင်း အသိပေးခြင်း၊ မဲစာရွက်ပြား ပေးခြင်း သို့မဟုတ် မဲအမှတ်အသားပြုလုပ်ရန် မဲပေးစင်တာအပြင်ဘက်တွင် နေရာထားရှိပေးခြင်း အပါအဝင် ရနိုင်သည့် ရွေးချယ်စရာအားလုံး ပေးပါမည်။ မသန်စွမ်းသော မဲပေးသူများကို လေးစားလျက် မလိုအပ်သည့်နှောင့်နှေးမှုမရှိဘဲ မဲပေးစေကာ အများပြည်သူဘေးကင်းကြောင်း သေချာစေရေးအတွက် VCRs များကို သင်ကြားပေးပါသည်။

မဲပေးစင်တာ လုပ်သားများကို မဲပြားမိတ္တူများအားသုံးရခြင်း ရည်ရွယ်ချက်နှင့် မဲပေးသူမှ လိုအပ်ပါက မဲပြားမိတ္တူ မည်သို့ပေးရမည်ကို ဆက်လက်လေ့ကျင့်ပေးသွားမည် ဖြစ်သည်။ မတ်လ ရွေးကောက်ပွဲမှစပြီး ထည့်သွင်းခဲ့သည့် ဘာသာစကား အသစ်များအတွက်လည်း လေ့ကျင့်ပေးသွားမည် ဖြစ်သည်။

မဲပြားပေါ်တွင် ကောင်တီအတွက် လိုအပ်သော ဘာသာစကား အားလုံးဖြင့် ပြန်ဆိုပေးရာတွင် လိုအပ်သော ဘာသာစကား အသစ်သုံးမျိုးဖြစ်သည့် မြန်မာ၊ ဟိန္ဒူနှင့် ဂျပန်စကားများဖြင့် ပြန်ဆိုမှုများဖြင့် ပြင်ဆင်ထည့်သွင်းပေးထားမည် ဖြစ်သည်။

ရွေးကောက်ပွဲနေ့တွင် တန်းမစီရစေရန်အတွက် မဲပေးသူအားလုံးကို ကြိုတင်မဲပေးရန် အားပေးတိုက်တွန်းလိုပါသည်။

*စာပို့ မဲပေးခြင်း*
၂၀၁၈ ခုနှစ်တွင် California Voter–s Choice Act ကို လက်ခံကျင့်သုံးခဲ့သည့် ပထမဆုံး ကောင်တီငါးခုမှ တစ်ခုဖြစ်သည့် San Mateo County သည် မှတ်ပုံတင်ထားသော မဲပေးသူ အားလုံးထံစာပို့ မဲပေးရန် မဲပြားများပေးပို့ရန် အသင့်ရှိနေပါသည်။ မဲပေးသူများ အနေဖြင့် ၎င်းတို့မဲပြားကို စာတိုက်မှ ပြန်ပို့နိုင်သည် သို့မဟုတ် ကျွန်ုပ်တို့၏ တရားဝင် မဲစာတိုက်ပုံးများ အသုံးပြုနိုင်သည် သို့မဟုတ် မဲပေးစင်တာသို့ ၎င်းတို့မဲပြားယူလာပြီး မဲပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် ယခုရွေးကောက်ပွဲအတွက် တရားဝင်မဲစာတိုက်ပုံးနေရာ ၃၉ ခုကို ထားရှိ၍အကြိုရွေးကောက်ပွဲနှင့် ယှဉ်လျှင် ၃၃ ခု ထပ်တိုးထားပြီး မဲပေးသူများကို ၎င်းတို့မဲပေးထားသည့် မဲပြားများ ပြန်ပို့ရန်အတွက် ပိုမိုအဆင်ပြေစွာ ရွေးချယ်စရာများ ပိုလာစေမည် ဖြစ်သည်။ မဲစာတိုက်ပုံးတည်နေရာများကို မဲပေးစင်တာများကဲ့သို့ပင် မဲပေးသူရွေးချယ်ချက် အက်ဥပဒေအရ တည်နေရာအတွက် စံ ၁၅ ချက်အတိုင်း ရွေးချယ်ထားပါသည်။

*မဲပြားပုံနှိပ်ခြင်း*
မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲသည် နိုင်ငံတွင်းအကြီးဆုံး မဲပြားပုံနှိပ်ကုမ္ပဏီများမှ တစ်ခုဖြစ်သည့် K&H Election Services နှင့် လက်တွဲအလုပ်လုပ်ခဲ့သည်မှာ ၁၂ နှစ်ကျော် ရှိပြီဖြစ်ပြီး ၎င်းတို့နှင့်အတူ San Mateo County မှ မှတ်ပုံတင်ပြီး မဲပေးသူများထံ စာတိုက်မှ ပေးပို့ရန်အတွက် မဲပြား ၄၂၇၀၀၀ ကျော်ကို ထုတ်လုပ်ရန် အသင့်ဖြစ်နေပါပြီ။

*မဲပြားကို စာတိုက်မှပို့ခြင်း*

ရွေးကောက်ပွဲတစ်ခု မစမီ မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲသည် အမေရိကန်ပြည်ထောင်စု စာပို့လုပ်ငန်းဝန်ဆောင်မှု (USPS) မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စာပို့ရန်ရက်စွဲများ၊ မျှော်မှန်းထားသည့် မဲပမာဏတို့နှင့် ပတ်သက်၍ ကြိုတင် သတင်းပေးပြီး USPS မှ ချမှတ်ထားသည့် ပြောင်းလဲမှုများ ရှိပါက ပြန်လည်သုံးသပ်သွားမည် ဖြစ်သည်။

San Mateo County သည် USPS နှင့် ဆက်ဆံရေးကောင်းမွန်စွာ လက်တွဲလုပ်ကိုင်လျက်ရှိပြီး မဲပြားများကို အချိန်မီ ပို့ရန်၊ ပြန်လက်ခံရန် ရွေးကောက်ပွဲကာလ တစ်လျှောက်လုံး ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

မဲပေးသူများသည် ပြည်နယ်အတွင်းရေးမှူး၏ BallotTrax ဝန်ဆောင်မှုဖြင့် ၎င်းတို့၏ မဲပြားများကို ခြေရာခံနိုင်ပါသည်။ မဲပေးသူများသည် ၎င်းတို့၏ စာတိုက်မှပေးပို့ခဲ့သည့် မဲပြားများ၏ အခြေအနေကို 'Where–s My Ballot?' သို့ Wheresmyballot.sos.ca.gov တွင် မှာယူခြင်းဖြင့် အလိုအလျောက် သတိပေးချက်များကို မက်ဆေ့ချ်စာတို၊ အီးမေးလ်၊ ဖုန်းခေါ်ဆိုမှုများဖြင့် ရယူနိုင်ပါသည်။

*အစားထိုး မဲပြားများ*

မဲပေးသူများအနေဖြင့် အစားထိုး မဲပြားများကို အောက်တိုဘာ ၂၇ ရက်အထိ စာတိုက်မှပေးပို့ရန် တောင်းဆိုနိုင်သလို မည်သည့် မဲပေးစင်တာသို့မဆို လူကိုယ်တိုင် သွားရောက်ထုတ်ယူနိုင်သော်လည်းယခုရွေးကောက်ပွဲအတွက်မူ စောင့်ဆိုင်းချိန် နည်းသွားစေရန်အတွက် မဲပေးသူများသည် မဲပေးစင်တာသို့ မသွားမီ မဲပြားအသစ် ဝင်ယူရန်တောင်းခံနိုင်ပါသည်။ ကျွန်ုပ်တို့ ဝက်ဘ်ဆိုက်ဖြစ်သည့် www.smcvote.org တွင် တောင်းခံလွှာ ပုံစံကို ရယူနိုင်သလို လာမယူမီ တစ်ရက်ကြိုပြီး 650.312.5222 သို့ ဖုန်းဆက်၍လည်း တောင်းခံလွှာ တင်သွင်းပြီး လာယူမည့်နေရာ ရွေးနိုင်ပါသည်။ မိမိတို့မဲပြားကို လာယူရန် အသင့်ဖြစ်လျှင် နေရာအလိုက် ညွှန်ကြားချက်များ ပါဝင်သည့် အီးမေးလ်တစ်စောင် လက်ခံရရှိမည် ဖြစ်သည်။

*စာပို့၍ အဝေးရောက်မဲပေးခြင်းစနစ်*

ယခုနိုဝင်ဘာလ ရွေးကောက်ပွဲအတွက် မဲပေးသူ အားလုံးအနေဖြင့် စာပို့၍ အဝေးရောက်မဲပေးစနစ် (RAVBM) ကို အသုံးပြု၍ အင်တာနက် ချိတ်ဆက်ထားသော မည်သည့်ကွန်ပျူတာမှမဆို ဝင်ရောက်ရယူ၊ အမှတ်ခြစ်၍ ပရင်တာဖြင့် ပုံနှိပ်နိုင်ပါသည်။ ဤဝန်ဆောင်မှုတွင် မသန်စွမ်းသည့် မဲပေးသူများအတွက် ၎င်းတို့မဲပြားများကို အကူအညီမလိုဘဲ လုံခြုံစွာ ရယူအမှတ်ခြစ်နိုင်ရန် ရွေးချယ်စရာတစ်ခု ပါရှိပါသည်။ ၎င်းသည် နိုင်ငံရပ်ခြားရောက် မဲပေးသူများနှင့် စစ်မှုထမ်း မဲပေးသူများကို အချိန်မီ မဲပေးနိုင်ရန် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါ အကြပ်အတည်းကြောင့် ဤဝန်ဆောင်မှုကို တတ်နိုင်သမျှ အလွယ်ကူဆုံး၊ အဆင်ပြေဆုံး မဲပေးနိုင်ရန် မဲပေးသူအားလုံး သုံးနိုင်ရန်အတွက် ချဲ့ထွင်ထားပါသည်။ အမှတ်ခြစ်ပြီး မဲပြားများကို စာတိုက်မှဖြစ်စေ၊ မဲစာတိုက်ပုံးမှဖြစ်စေ မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲသို့ ပြန်ပို့ရမည်ဖြစ်ပြီး နယ်ခံမဲပေးသူများမှာ ၎င်းတို့မဲပြားများကို အီးမေးလ် သို့မဟုတ် ဖက်စ်ဖြင့် ပေးပို့နိုင်မည် မဟုတ်ပါ။[5]

*မဲစာတိုက်ပုံးများ*

အောက်တိုဘာလ ၅ ရက်နေ့မှ စတင်ပြီး မဲပေးသူများသည် ကောင်တီအနှံ့အပြားတွင် အဆင်ပြေစေရန် ထားရှိပေးထားသည့် မဲစာတိုက်ပုံးနေရာ ၃၉ ခုကို အသုံးပြုနိုင်မည် ဖြစ်ပါသည်။ မဲစာတိုက်ပုံးနေရာ နှစ်ဆယ့်ကိုးခုမှာ အခန်းပြင်ပ နေရာများတွင် ရှိပြီး ၎င်းတို့ကို တစ်နေ့ ၂၄ နာရီ/တစ်ပတ် ၇ ရက် (အချိန်မရွေး) အသုံးပြုနိုင်မည် ဖြစ်ပါသည်။ မဲစာတိုက်ပုံးတိုင်းကို လုံခြုံစွာ ထားရှိထားပြီး အခန်းတွင်းမှ ပုံးများတွင် လုံခြုံရေးသော့များနှင့် နှောင်ကြိုးကေဘယ်များ ပါရှိသလို အခန်းပြင်ပရှိ ပုံးများမှာ သံမဏိပုံးများဖြစ်ပြီး ကွန်ကရစ်ပေါ်တွင် မူလီစုပ်ထားပါသည်။ မဲစာတိုက်ပုံးများအားလုံးနှင့် ၎င်းတို့၏ တည်နေရာများထံသို့ မသန်စွမ်းသူများ ကိုယ်တိုင် သွားရောက်နိုင်ပါသည်။

လူနှစ်ဦးပါ အဖွဲ့များမှ မဲစာတိုက်ပုံးများအတွင်းမှ မဲပြားများကို အောက်တိုဘာ ၅ ရက်မှ အောက်တိုဘာ ၂၅ ရက်အတွင်း တစ်ပတ်နှစ်ကြိမ်၊ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အတွင်း တစ်ပတ်သုံးကြိမ်နှင့် နိုဝင်ဘာလ ၂ ရက်နေ့နှင့် ရွေးကောက်ပွဲနေ့တွင် တစ်ရက်အနည်းဆုံးတစ်ကြိမ် လာရောက်စုဆောင်းသွားမည် ဖြစ်ပါသည်။ စုဆောင်းရရှိသည့် မဲပြားများကို ကိုင်တွယ်တွက်ချက်ရန်နှင့် လုံခြုံစွာ ရေရှည်သိမ်းဆည်းနိုင်ရန် မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲသို့ ပြန်ပို့သွားမည် ဖြစ်ပါသည်။

*ပလက်ဖောင်းဘေးမှပေးထားခဲ့ခြင်းနှင့် ကားထဲမှနေ၍မဲပေးခြင်း*

မဲစင်တာ ၄၅ ခုစလုံးတွင် ကားထဲရှိ မဲပေးသူများထံမှ ချိတ်ပိတ်ထားသည့် မဲစာအိတ်များကို လက်ခံရန် စေတနာ့ ဝန်ထမ်းများနှင့် တာဝန်ကျဝန်ထမ်းများ ရှိပါမည်။ ပလက်ဖောင်းဘေးမှနေ၍ မဲပြားထားခဲ့ခြင်းသည် မဲပေးသူများအနေဖြင့် မဲစာတိုက်ပုံးတံခါးကို

---

[5] စစ်မှုထမ်းနှင့် နိုင်ငံရပ်ခြားမှ မဲပေးသူများသည် မဲပေးရန် ထပ်တိုးရွေးချယ်နိုင်သည့် နည်းလမ်းများနှင့် ပတ်သက်ပြီး ဖက်ဒရယ် မဲပေးအကူအညီ အစီအစဉ် ကို ကိုးကားနိုင်ပါသည်။

ဖွင့်နေရခြင်းထက် ၎င်းတို့၏မဲပြားကို ပိုမိုလျင်မြန်စွာ ထားခဲ့နိုင်စေပါသည်။ လမ်းလျှောက်ရန် အခက်အခဲရှိသူများ သို့မဟုတ် အခြား ကာယဆိုင်ရာအားနည်းချက် ရှိသူများအား ၎င်းတို့၏မဲပြားကို တရားဝင်မဲပုံးတွင် ထားခဲ့ရန် ရွေးချယ်စရာ နောက်တစ်ခုလည်း ပေးပါသည်။

San Mateo County Event Center တွင် မဲပေးသူများအနေဖြင့် ၎င်းတို့၏ကားထဲမှနေ၍ မဲစာရွက်ပြားကို လက်ခံရန် ရွေးချယ်ချက်တစ်ခုလည်း ရှိပါမည်။

ပလက်ဖောင်းဘေးမှနေ၍ မဲပြားပေးထားခဲ့ခြင်းနှင့် ကားပေါ်မှမဲပေးခြင်းတို့သည် ခုခံနိုင်စွမ်းမရှိသည့် လူစုများကို COVID-19 နှင့် ထိတွေ့ရန် အလားအလာမှ ရှောင်ရှားစေနိုင်ပါသည်။

ဤအဖွဲ့များသည် အချင်းချင်း ခြောက်ပေခွာနေခြင်း၊ မျက်နှာဖုံးများ တပ်ခြင်းနှင့် ယာဉ်မောင်းများထံမှ စာအိတ်များကို လက်ခံရန် လက်အိတ်များကို သုံးခြင်းစသည့် COVID-19 ကြိုတင်ကာကွယ်မှုများကို လိုက်နာပါမည်။ စေတနာ့ဝန်ထမ်းများနှင့် တာဝန်ကျဝန်ထမ်းများကို ရာသီဥတုမှ ကာကွယ်ရန် အမိုးများ စီစဉ်ထားပါမည်။ (A-frame) အေ-ပုံစံဆိုင်းဘုတ်များသည် ပလက်ဖောင်းဘေးမှနေ၍ မဲပြားထားခဲ့ရန်နှင့် ကားပေါ်မှမဲပေးရန်အတွက် ယာဉ်မောင်းများအား ၎င်းတို့မောင်းရမည့် လမ်းကြောင်းကို ညွှန်ပြပြီး ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲ တာဝန်ကျဝန်ထမ်းများနှင့် စကားပြောသော အခါ မျက်နှာဖုံးများတပ်ရန် သတိပေးပါမည်။

*မဲရေတွက်ခြင်း*

မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲတွင် မဲပြားများကို တိကျစွာနှင့် ထိရောက်စွာ ရေတွက်နိုင်ရန် ဝန်ထမ်းဦးရေနှင့် နည်းပညာ လုံလောက်စွာ ရှိပါသည်။ ၎င်းဌာနခွဲသည် ဇယားကွက် တွက်ချက်မှုစနစ်ကို ၂၀၁၉ ခုနှစ်တွင် အသစ်လဲခဲ့ပြီး ဌာနခွဲ ဝန်ထမ်းများအနေဖြင့် အသစ်လဲထားသည့် ကိရိယာအသစ်များကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ မြူနီစပယ်၊ ကျောင်းနှင့် အထူးခရိုင် စုပေါင်းရွေးကောက်ပွဲနှင့် ၂၀၂၀ ခုနှစ်၊ မတ်လ ၃ ရက်၊ အကြိုရွေးကောက်ပွဲတို့တွင် အသုံးပြုရန် အခွင့်အရေးရခဲ့ပါသည်။ ဤကိရိယာအသစ်များဖြင့် တစ်နာရီလျှင် စာတိုက်မှပေးပို့သည့် မဲစာအိတ် ၅၀၀၀၀ အထိ တွက်ချက်ကိုင်တွယ်နိုင်မည် ဖြစ်ပါသည်။

**မဲပေးသူများအား ပညာပေးခြင်းနှင့် လက်လှမ်းကူညီခြင်း**

ကပ်ရောဂါ ဖြစ်ပွားနေစဉ်တွင် ကျင်းပသည့် ရွေးကောက်ပွဲဆိုသည်မှာ မဲပေးသူများမှ ၎င်းတို့အနေဖြင့် ရွေးချယ်မဲပေးစရာများနှင့် အခွင့်အရေးများကို သိထားပြီး ဘေးကင်း၊ လုံခြုံ၍ အတားအဆီး မရှိဘဲ မဲပေးနိုင်သည်ဟု ယုံကြည်ထားမှသာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

သတင်းအချက်အလက်များကို 'ယုံကြည်ရသော သတင်းပေးသူ' မှ ပေးနိုင်လျှင် ထိရောက်စွာ ပညာပေးခြင်း၊ လက်လှမ်း ကူညီခြင်းများ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ လေ့လာချက်များအရ အစိုးရဌာနများ၊ ရပ်ရွာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အကြံပေးကော်မတီများသည် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအတွက် ယုံကြည်ရသော သတင်းပေးသူများအဖြစ် လုပ်ဆောင်ပေးနေသည်ကို တွေ့ရသည့်အတွက် ကျွန်ုပ်တို့သည် မဲပေးသူများနှင့် ချိတ်ဆက်နိုင်ရန် ပူးပေါင်းလက်လှမ်းကူညီမှု ကွန်ရက်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

*မဲပေးသူများအတွက် အလုပ်ရုံဆွေးနွေးပွဲများ*
မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲသည် COVID-19 ကြောင့် လူကိုယ်တိုင် အလုပ်ရုံဆွေးနွေးပွဲများအစား အွန်လိုင်း အလုပ်ရုံဆွေးနွေးပွဲများကို ရပ်ရွာမှ မိတ်ဖက်များဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပသွားမည့် အလုပ်ရုံစည်းဝေးပွဲများကို လာမည့် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးရာ၌ ရှိလာမည့် ပြောင်းလဲမှုများအကြောင်း ဘာသာစကား အလိုက် ရပ်ရွာအသိုင်းအဝိုင်းများနှင့် မသန်စွမ်းသူများကို အသိပေးနိုင်ရန် ကျင်းပသွားမည် ဖြစ်ပါသည်။ ဤစာရွက်စာတမ်း ထုတ်ပြန်ချိန်တွင် အစီအစဉ် ရေးဆွဲဆဲဖြစ်သည်။

*မဲပေးသူများထံ စာတိုမက်ဆေ့ချ်များဖြင့် လက်လှမ်းခြင်း*
ရပ်ရွာပွဲလမ်းများ မကျင်းပနိုင်ချိန်တွင် မှတ်ပုံတင်နှင့် ရွေးကောက်ပွဲဌာနခွဲသည် မဲပေးခွင့်ရှိသောလည်း မှတ်တမ်းတင် မထားသော၊ မဲပေးခြင်း မရှိသော လူငယ်မဲပေးသူနှင့် နယ်ခံနေထိုင်သူ ၂၅၀၀၀ ခန့်ထံ စာတိုမက်ဆေ့ချ်များဖြင့် ဆက်သွယ်သွားမည် ဖြစ်သည်။

၎င်းဌာနခွဲသည် ၎င်း၏ဒေတာဘေ့စ်အတွင်းရှိ လူငယ်မဲပေးသူများ၊ ပထမဆုံး မဲပေးမည့်သူများနှင့် မဲပေးခြင်း မရှိသူများကို Political Data ၏ ဒေတာဘေ့စ်အတွင်းမှ မိုဘိုင်းဖုန်းနံပါတ်များနှင့် တိုက်၍စစ်ဆေးသွားမည် ဖြစ်ပါသည်။ လူငယ်မဲပေးသူများနှင့် ပထမဆုံးအကြိမ် မဲပေးသူများကို မဲပေးရန် အာပေးတိုက်တွန်းရန်အတွက် စာတိုမက်ဆေ့ချ် သုံးစောင်အထိ ပေးပို့သွားမည် ဖြစ်သည်။ စာတိုမက်ဆေ့ချ်များကို TextSurge တွင် အလုပ်လုပ်သူများမှ ပေးပို့သွားမည် ဖြစ်သည်။

TextSurge သည် ကျွန်ုပ်တို့၏ မှတ်ပုံတင်/လာရောက်မဲပေးမှု နိမ့်ပါးသည့် နယ်မြေများ Daly City, East Palo Alto နှင့် နယ်မြေအုပ်ချုပ်မှုတွင် မပါသည့်နေရာများ) မှ အသက်ဆယ့်ရှစ်နှစ် (၁၈) အထက် ကောင်တီတွင်းနေထိုင်သူများနှင့် ပတ်သက်သော အချက်အလက်များကို ရယူပြီး မဲပေးရန် မှတ်ပုံတင်ရန်အတွက် အချက်အလက်များ ပေးပို့သွားပါမည်။ ဤဌာနခွဲသည် TextSurge မှ ရရှိထားသည့် အမည်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့် အခြားအချက် အလက်များကို ၎င်း၏ဒေတာဘေ့စ်နှင့် ပြန်တိုက်စစ်ပြီး ထိုပုဂ္ဂိုလ်မှ လက်ရှိမဲပေးရန် မှတ်ပုံတင်ထားခြင်း ရှိမရှိ အတည်ပြုပေးမည်။

နောက်ဆုံးတွင် ဌာနခွဲသည် ၎င်းမဲပေးရန် မှတ်ပုံတင်သူ/မဲပေးသူ နိမ့်ပါသည့် နေရာများမှ မဲမပေးသူများကို Political Data မှ မိုဘိုင်းဖုန်းနံပါတ်များနှင့် ပြန်တိုက်ပြီး ၎င်းတို့ မှတ်ပုံတင်ထားရာ နေရာမှ မရွှေ့ထားလျှင် သို့မဟုတ် မဲပေးရန် ပြန်လည် မှတ်ပုံတင်လျှင် ဌာနခွဲသို့ ဆက်သွယ်ခြင်းမရှိပါက San Mateo County တွင် စာတိုက်မှ မဲပြားများကို လက်ခံရရှိမည် မဟုတ်ကြောင်း အသိပေးမည် ဖြစ်သည်။

*မှတ်ပုံတင်နှုန်း ပျမ်းမျှအောက်နည်းသည့် နေရာများအား ဦးတည်ထားသည့် ပို့စကတ်များ*
ရပ်ရွာပွဲလမ်းများ မရှိသည့်အတွက် အသိပေးထားနိုင်ခြင်း မရှိသည့် မဲပေးနိုင်သူများအား စာတိုမက်ဆေ့ချ်ပို့သည့်အပြင် မှတ်ပုံတင်နှင့် ရွေးကောက်ပွဲ ဌာနခွဲသည် အိမ်ထောင်စု ၁၀၀၀၀၀ နီးပါးသို့ မှတ်ပုံတင်ရန် အချက်အလက်များအား ဘာသာစကား လေးမျိုးဖြင့် ဖော်ပြပေးထားသည့် ပေးစာအရွယ် ပို့စကတ်တစ်စောင်စီ ပေးပို့သွားမည် ဖြစ်သည်။ ပို့စကတ်များကို USPS Every Door Direct Mail (အိမ်ရှေ့အရောက် စာပို့စနစ်) ဖြင့် Daly City၊ East Palo Alto၊ Menlo Park၊ Redwood City၊ San Bruno၊ South San Francisco နှင့် နယ်မြေအုပ်ချုပ်မှုတွင် မပါသည့် နေရာများသို့ ပို့ဆောင်ပေးသွားမည် ဖြစ်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာ စီမံချက် ၂၀၂၀ ” ၂၀၂၄ အတွက် ပြောင်းလဲမှုအကျဉ်းချုပ်နောက်ဆက်တွဲ

*အဆိုပြုထားသည့် မဲပေးစင်တာ နေရာများ*

ရွေးကောက်ပွဲ ဌာနခွဲသည် ၂၀၂၀ ခုနှစ်၊ မတ်လ ၃ ရက် အကြိုရွေးကောက်ပွဲအတွင်း ရှိခဲ့သည့် မဲပေးစင်တာ ၄၂ ခုမှ နိုဝင်ဘာလ ၃ ရက် ရွေးကောက်ပွဲတွင် မဲပေးစင်တာ ၄၅ ခုအထိ တိုးပေးသွားမည် ဖြစ်သည်။

ရွေးကောက်ပွဲရက် မတိုင်မီ ၁၁ ရက်အထိ ကြိုဖွင့်မည့် မဲပေးစင်တာ မရှိပါ။

မဲပေးစင်တာနေရာအသစ် သုံးခုအပြင် လူချင်းအကွာအဝေးခွာရန်နှင့် လူအသွားအလာ တစ်ကြောင်းတည်း ဖြစ်စေရန် အတွက် နေရာပိုရစေရန် မဲပေးစင်တာနေရာ အများအပြားကိုလည်း ပြောင်းလဲခဲ့ပါသည်။ မဲပေးစင်တာ နေရာသစ်များကို ယခင်ရွေးချယ်သည့် စံများအတိုင်း၊ ကာလီဖိုးနီးယားပြည်နယ် မဲပေးသူ၏ ရွေးချယ်ချက် အက်ဥပဒေ (VCA) ပါ ရွေးချယ်မှု စံ ၁၅ ချက်၊ လူမှုအသိုင်းအဝိုင်း၏ ပါဝင်ပြောဆိုမှုနှင့် အများပါဝင်မှုရှိသော ဒီမိုကရေစီ စင်တာ၏ မဲပေးရန်နေရာ ရှာဖွေသည့် ကိရိယာအသုံးပြုခြင်းတို့ဖြင့် ရွေးချယ်ခဲ့ပါသည်။

သီးခြားရပ်တည်လုပ်ဆောင်နိုင်သည့် မိုဘိုင်းမဲပေးစင်တာ အသစ်နှစ်ခုကို ရယူရန် အစီအစဉ်များကို ယာယီ ဘေးဖယ် ထားခဲ့ရပါသည်။ သီးခြားရပ်တည်လုပ်ဆောင်နိုင်သည့် စင်တာတစ်ခုကို အစားထိုးရန် သွားလာရန်ဆင်ခြေလျှောလမ်း ပါသည့် သယ်ရလွယ်သော အဆောက်အဦတစ်ခုကို ငှားရမ်းခဲ့ပါသည်။ မိုဘိုင်းမဲပေးစင်တာထားရှိရန် နေရာများကို VCA တွင်ပါရှိသည့် စံများ၊ လူမှုအသိုင်းအဝိုင်း၏ ပါဝင်ပြောဆိုမှုနှင့် အများသူငါ ပါဝင်မှု ဒီမိုကရေစီစင်တာ၏ မဲပေးရန် တည်နေရာ ရှာသည့်ကိရိယာတို့ကို အခြေခံ၍ ရွေးချယ်ခဲ့ပါသည်။

*မဲစာတိုက်ပုံး တည်နေရာများ*

တစ်နေ့ ၂၄ နာရီ/တစ်ပတ် ၇ ရက် အချိန်မရွေး သုံးနိုင်သည့် အခန်းပြင်ပ မဲစာတိုက်ပုံး နေရာအရေအတွက်ကို မတ်လတွင်ရှိခဲ့သော ကိုးနေရာမှ နိုဝင်ဘာအတွက် ၂၉ နေရာသို့ တိုးချဲ့ထားသည်။ တည်နေရာများကို ယခင်ရွေးချယ်သည့် စံများအတိုင်း၊ ကာလီဖိုးနီးယားပြည်နယ် မဲပေးသူ၏ ရွေးချယ်ချက် အက်ဥပဒေပါ ရွေးချယ်မှု စံ ၁၅ ချက်နှင့် လူမှုအသိုင်းအဝိုင်း၏ ပါဝင်ပြောဆိုမှုတို့ဖြင့် ရွေးချယ်ခဲ့ပါသည်။ မဲစာတိုက်ပုံး တည်နေရာများသည် လုံခြုံပြီး၊ မသန်စွမ်းသော မဲပေးသူများ သွားရောက်နိုင်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများနှင့် နီးနိုင်သမျှ နီးသည့်နေရာတွင် ထားပါသည်။

*မဲပေးစင်တာ နေရာအနေအထား*

လူချင်း အကွာအဝေး ခွာနိုင်ရန်နှင့် ဖြစ်နိုင်ပါက လူအသွားအလာ တစ်လမ်းသွားဖြစ်စေရန် ပိုမိုကြီးမားသည့် အခန်းများကို အသုံးပြုရန်အတွက် နမူနာ အသစ်များကို ဖန်တီးထားပါသည်။

*ရပ်ရွာမိတ်ဖက်များ*

ကျွန်ုပ်တို့၏ ရပ်ရွာမိတ်ဖက် အပိုင်းတွင် ရပ်ရွာအခြေပြု အဖွဲ့အစည်းသုံးခုကို ထပ်တိုးထည့်သွင်းနိုင်သည့်အတွက် ဂုဏ်ယူကျေနပ်ရပါသည်။

*ရပ်ရွာပွဲလမ်းပြ ပြက္ခဒိန်*

COVID-19 ကြောင့် လူကိုယ်တိုင် တက်ရောက်ရမည့် ပွဲလမ်းအားလုံးကို မတ်လ ၃ ရက် နောက်ပိုင်းတွင် ပယ်ဖျက်ခဲ့ပါသည်။ လက်ရှိတွင် ဗီဒီယိုမှပွဲလမ်း ငါးခုကို ကျင်းပရန် စီစဉ်ထားပါသည်။

*မီဒီယာမိတ်ဖက်များ*

မီဒီယာမိတ်ဖက် ၇ ဦးကို ပေါင်းထည့်နိုင်ခဲ့သည်။

*ဥပမာ- တိုက်ရိုက်မဲပေးသူထံ အဆက်အသွယ်*

ပို့စကတ် ၁ တွင် မဲပေးသူများ တွေ့နေကျအတိုင်း မဲပေးစင်တာ နေ့စွဲများ၊ ဖွင့်သည့် အရေအတွက်နှင့် နာရီများပါသည့် ဇယားပါရှိသည်။ COVID-19 အတွက် ကြိုတင်ပြင်ဆင်မှုနှင့် မဲပေးသူ အားလုံးမှ RAVBM စနစ်ကို အသုံးပြုနိုင်ကြောင်းတို့နှင့် ပတ်သက်သော အချက်အလက်များ ထပ်ထည့်ထားပါသည်။

ပို့စကတ် ၂ နှင့် ၃ တို့တွင် ကျွန်ုပ်တို့၏ COVID-19 အတွက် ကြိုတင်ပြင်ဆင်မှုနှင့် မဲပေးသူ အားလုံးမှ RAVBM ကို အသုံးပြုနိုင်ကြောင်းတို့နှင့် ပတ်သက်သော အချက်အလက်များ ထပ်ထည့်ထားပါသည်။

**အများပြည်သူ သဘောထားမှတ်ချက်များ**

အများပြည်သူသုံးသပ်သည့်ကာလအတွင်း လက်ခံရရှိသည့် သဘောထားမှတ်ချက်အားလုံးကို မှတ်ပုံတင်နှင့် ရွေးကောက်ပွဲများ ဌာနခွဲထံမှ တုံ့ပြန်ဖြေကြားချက်များနှင့်အတူ အောက်တွင်ဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ် စက်တင်ဘာလ ၂၉ ရက်
အီလက်ထရွန်းနစ်မေးလ်မှတစ်ဆင့်

သို့ Mr. Church-
COVID-19 နှင့်သက်ဆိုင်သည့် အပြောင်းအလဲများအကြောင်း ပြောဆိုထားသည့် San Mateo County ၏ ရွေးကောက်ပွဲ စီမံအုပ်ချုပ်မှု အစီအစဉ် (EAP) ဖြည့်စွက်ချက်တွင် သဘောထားမှတ်ချက်များကို တင်သွင်းခွင့်ရသည့်အတွက် ကျွန်ုပ်တို့ ကျေးဇူးတင်ပါသည်။ (ကယ်လီဖိုးနီးယားပြည်နယ် မသန်စွမ်းမှုဆိုင်ရာ ရပိုင်ခွင့်များ) Disability Rights California (DRC) သည် မသန်စွမ်းမှုများရှိသည့် ကာလီဖိုးနီးယားပြည်နယ်သားများကို အကာအကွယ်ပေး၍ ထောက်ခံပြောဆို ပေးသည့် စနစ်တစ်ခုဖြစ်ပြီး အထူးသဖြင့် 'မသန်စွမ်းမှုများရှိသည့် ပုဂ္ဂိုလ်များအတွက် မှတ်ပုံတင်၊ မဲပေးခြင်းနှင့် မဲပေးသည့်နေရာများသို့ သွားရောက်ခြင်း အပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အပြည့်အဝပါဝင်မှု' ကို သေချာစေသည့် တာဝန်ရှိပါသည်။ (42 U.S.C. § 15461 ကို ကြည့်ပါ။)

**မဲပေးစင်တာများနှင့် မဲစာတိုက်ပုံးများအပေါ် သဘောထားမှတ်ချက်များ-**

**<u>မဲပေးစင်တာနှင့် 'ယာယီ' မဲပေးစင်တာ ပြောင်းရွှေ့ခြင်းများနှင့် သွားရောက်နိုင်မှု</u>**

San Mateo County ၏ EAP ဖြည့်စွက်ချက်တွင် *'လူချင်းခွာနေရန်နှင့် တစ်လမ်းသွားပုံစံ ဖန်တီးရန်အတွက် နေရာပေးရန် [မဲပေးစင်တာ] တည်နေရာအချို့ ပြောင်းလဲခဲ့ပါသည်'* ဟုဆိုထားပြီး *'ရွှေ့ပြောင်းသွားသော မဲပေးစင်တာများသည် ယခင်တည်နေရာများနှင့် ယေဘုယျအားဖြင့် အနီးအပါးတွင် ဆက်လက်ရှိနေရန် ရည်ရွယ်ထားပါသည်'* ဟုဆိုထားပါသည် (စာမျက်နှာ ၆)။ ကမ္ဘာ့တစ်ဝှမ်းဖြစ်နေသည့် ကပ်ဘေးကာလအတွင်း မဲပေးစင်တာများကို ရှာဖွေရန် ခက်ခဲကြောင်း ကျွန်ုပ်တို့ နားလည်သော်လည်း မဲပေးသူ၏ ရွေးချယ်ချက် အက်ဥပဒေ (VCA) အရ သင်သည် မဲပေးစင်တာ တည်နေရာ မပြောင်းမီ ပုဒ်မ 4005(a)(10)(B) အရ အချက် ၁၅ ချက်လုံးကို သုံးသပ်ဆင်ခြင်ရန် သတ်မှတ်ထားဆဲ ဖြစ်ပါသည်။ ဤအကြောင်းအချက်များကို သင်သုံးသပ်ဆင်ခြင်ကောင်း ဆင်ခြင်မည်ဟူသည်ကို ကျွန်ုပ်တို့သိသော်လည်း၊ ၎င်းတို့ကို ဆွေးနွေးခြင်းသည် တည်နေရာသစ်များကို ယခင်တည်နေရာများ၏ 'ယေဘုယျအားဖြင့် အနီးအပါး' ဟု ဖော်ပြခြင်းထက် ပိုမိုပါဝင်သင့်ပေသည်။ ဤအကြောင်းအချက်များကို သင်သုံးသပ်ဆင်ခြင်ခြင်းအကြောင်းကို ဆွေးနွေးပါ- အထူးသဖြင့် (ဥပမာ ထိုတည်နေရာသည် မသန်စွမ်းသူ အသိုင်းအဝိုင်းနှင့် နီးမနီး) 'အနီးအပါး' အကြောင်းအချက်များ ဖြစ်သည်။ (Elec. Code § 4005(a)(10)(B)(v) ကို ကြည့်ပါ။) 'ယာယီ' မဲပေးစင်တာ နေရာသစ်နှစ်ခုအကြောင်း သင်၏ဆွေးနွေးချက်အတွက်လည်း ထိုနည်းတူပင်ဖြစ်သည်။

DRC က San Mateo County အား မဲပေးစင်တာအားလုံးနှင့် 'ယာယီ' မဲပေးစင်တာ နေရာအားလုံးကို ကိုယ်တိုင် သွားရောက်နိုင်ကြောင်းကိုလည်း အတည်ပြုရန် တိုက်တွန်းထားပါသည်။ (Elec. Code §§ 1604, 4005(a)(4)(C) ကို ကြည့်ပါ။) ရွေးကောက်ပွဲ စီမံမှု စာရွက်စာတမ်းများတွင် မဲပေးစင်တာ နေရာအားလုံးသည် သွားလာ၍ရကြောင်း ရှင်းပြခြင်းသည် အကောင်းဆုံး အလေ့အထဖြစ်သည်ဟု ကျွန်ုပ်တို့ ထင်ပါသည်။

**<u>မဲစာတိုက်ပုံးထံ သွားလာနိုင်မှုနှင့် တည်နေရာသစ်များ</u>**

မဲပေးစင်တာများကဲ့သို့ပင် မဲစာတိုက်ပုံးများ (နှင့် ၎င်းတို့၏ တည်နေရာများ) သည် မသန်စွမ်းမှုများရှိသည့် မဲပေးသူများ ကိုယ်တိုင် သွားလာ၍ရရမည်ဟု VCA မှ သတ်မှတ်ထားပါသည်။ (Elec. Code § 4005(a)(1)(B) ကို ကြည့်ပါ။) DRC သည် San Mateo County အား ဤအကြောင်းအချက်ကို ၎င်းတို့၏ EAP ဖြည့်စွက်ချက်တွင် ထည့်သွင်းရန် တိုက်တွန်းပါသည်။ ဤသည်က မသန်စွမ်းမှုရှိသည့် မဲပေးသူများကို San Mateo County ၏ မဲစာတိုက်ပုံးနေရာ အားလုံးသို့ သွားလာ၍ရကြောင်း စိတ်ချစေပါမည်။

DRC သည် San Mateo County အား VCA အပိုင်း 4005(a)(10)(B) တွင် ဖော်ပြထားသော (အထူးသဖြင့် 'အနီးအပါး' အကြောင်းအချက်များ) အကြောင်းအချက် ၁၅ ချက်ကို ထည့်သွင်းစဉ်းစားကြောင်း အတည်ပြုရန် နောက်ထပ်၍ တိုက်တွန်းထားပါသည်။

**<u>ပလက်ဖောင်းဘေးမှ မဲပေးခြင်း</u>**

San Mateo County ၏ EAP ဖြည့်စွက်ချက်တွင် ပလက်ဖောင်းဘေးမှ မဲပေးခြင်းအကြောင်း ဆွေးနွေးသင့်ပါသည်။ ပလက်ဖောင်းဘေးမှ မဲပေးခြင်းသည် (သွားလာ၍ရသော မဲပေးစင်တာများသို့ပင်) မဲပေးစင်တာများသို့ ကိုယ်တိုင် သွားလာရန် အခက်အခဲရှိသည့် မဲပေးသူများအတွက် အရေးကြီးသော လိုက်လျောမှုတစ်ရပ် ဖြစ်ပါသည်။ ဤရွေးကောက်ပွဲတွင် ပလက်ဖောင်းဘေးမှ မဲပေးခြင်းသည် ခုခံနိုင်စွမ်းမရှိသည့် လူစုများကို COVID-19 နှင့် ထိတွေ့ရန် အလားအလာမှ ရှောင်ရှားစေပါသည်။ San Mateo County အနေဖြင့် ပလက်ဖောင်းဘေးမှ မဲပေးခြင်းကို ၎င်း၏ ရွေးကောက်ပွဲ ဝက်ဘ်ဆိုက်တွင် ဆွေးနွေးခြင်းသည် အကောင်းဆုံး အလေ့အထဖြစ်သည်ဟုလည်း ကျွန်ုပ်တို့ ထင်ပါသည်။

နောက်ဆုံးအနေဖြင့်၊ ပလက်ဖောင်းဘေးမှ မဲပေးရန်ဖန်တီးပေးထားချက်အပေါ် သက်ရောက်မည့် (ဥပမာ ဝန်ထမ်းများသည် ပလက်ဖောင်းဘေးမှ မဲပေးသူများထံသို့ သန့်စင်ဆေးရည်နှင့် ပိုးမွှား သန့်စင်ခြင်း ကိရိယာများ ယူလာခြင်းကဲ့သို့) COVID-19 ကြိုတင်ကာကွယ်မှုများ အသိပေးချက်တစ်စုံတစ်ရာကို ထည့်သွင်းပေးပါ။

**အထွေထွေ သဘောထားမှတ်ချက်များ-**

**လူကိုယ်တိုင်မဲပေးသည့် မဲပေးသူအားလုံးကို မလိုအပ်ဘဲနှောင့်နှေးခြင်း မရှိဘဲ မဲပေးခွင့်ပြုခြင်း**

EAP ဖြည့်စွက်ချက်တွင် *'မည်သူမဆိုသည် **လမ်းညွှန်ချက်ကို လိုက်နာနေပါက** မျက်နှာဖုံး တပ်မထားသည့်အတွက် ထိုသူ၏ အခြေခံမဲပေးပိုင်ခွင့်ကို ငြင်းဆိုခြင်းမရှိစေရန် [မဲရုံလုပ်သားများ] များကို [] ခြင်းချက်များအကြောင်း အသိပေးပါမည်။'* ဟု ဖော်ပြထားပါသည်။ (စာမျက်နှာ ၃ (အသားပေးမှုကို ဖြည့်ထားပါသည်)။) သို့သော် ပြည်နယ်အတွင်းရေးမှူး၏ (SOS) မကြာသေးမီက CC/ROV ('COVID-19 အရ ရွေးကောက်ပွဲ စီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်ချက်') သည် မဲရုံဝန်ထမ်းများသည် 'မဲပေးသူတစ်ဦးကို မလိုအပ်ဘဲ နှောင့်နှေးစေခြင်း' မရှိစေရဟု ရှင်းလင်းထားပါသည် "ထို့အပြင် အလားတူစွာ ***'ရွေးကောက်ပွဲ ဝန်ထမ်းများသည် မဲပေးသူတစ်ဦးအား မျက်နှာဖုံးမပါသည့်အတွက် နှင်မလွှတ်ရ။'*** ဟု ဆိုထားပါသည်။ (စာမျက်နှာ ၉၊ ၂၀ ရှိ CC/ROV အမှာစာ အမှတ် ၂၀၁၅၄ (၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၁ ရက်) ကို ကြည့်ပါ (အသားပေးမှုကို ဖြည့်ထားပါသည်)။)

ထို့ကြောင့် CDPH ၏ လမ်းညွှန်ချက်အရ ကင်းလွတ်ခွင့်တစ်ရပ်အတွက် အကျုံးမဝင်သည့် မဲပေးသူများပင် လူကိုယ်တိုင် မဲပေးရန် လာရောက်ပါက San Mateo County မဲရုံဝန်ထမ်းများက ၎င်းတို့အား မလိုအပ်ဘဲ နှောင့်နှေးစေခြင်း သို့မဟုတ် နှင်လွှတ်ခြင်းတို့ မပြုနိုင်ပါ။ SOS ၏ လမ်းညွှန်ချက်ရှိ ဤအရေးပါသောအချက်များကို ထင်ဟပ်ရန် EAP ဖြည့်စွက်ချက်ပါ အသုံးအနှုန်းကို ရှင်းလင်းစေပါ။

**<u>မသန်စွမ်းမှုများရှိသည့် မဲပေးသူအားလုံးအား ဂုဏ်သိက္ခာနှင့် လေးစားမှုတို့ဖြင့် ဆက်ဆံခြင်း</u>**

EAP ဖြည့်စွက်ချက်တွင် *'မျက်နှာဖုံးမတပ်နိုင်သည့် မဲပေးသူတစ်ဦးအား အပြင်တွင်မဲပေးရန် သို့မဟုတ် ထိုသူနှင့် အခြား မဲပေးသူများအကြား နောက်ထပ် ခြားနေရန်အတွက် အခြားမဲပေးသူများကို စောင့်ရန် စေခိုင်းကောင်း စေခိုင်းပါမည်။'* ဟု ဖော်ပြထားပါသည်။ (စာမျက်နှာ ၃) ဤလမ်းညွှန်ချက်ကို ကြီးကြပ်သည့် မဲရုံလုပ်သားများအနေဖြင့် မျက်နှာဖုံးများ တပ်ဆင်နိုင်ခြင်း မရှိသူများ အပါအဝင် မသန်စွမ်းမှုများရှိသည့် မဲပေးသူများကို ဝန်ဆောင်မှုပေးသည့်အခါ ၎င်းတို့အား မသန်စွမ်းမှုဆိုင်ရာ ကျင့်ဝတ်ထုံးတမ်းများ အပြည့်အဝ သင်ကြားထားပေးမည် ဖြစ်ကြောင်း အတည်ပြုပေးပါ။ မဲရုံလုပ်သားများသည် မသန်စွမ်းမှုများရှိသည့် မဲပေးသူများ၏ ဂုဏ်သိက္ခာကို လေးစားလျက် (ဥပမာ မျက်နှာဖုံး မတပ်နိုင်သူများအား 'အခြားသူဟုသတ်မှတ်ခြင်း' မပြုခြင်း)၊ ၎င်းမဲပေးသူများကို မလိုအပ်သော နှောင့်နှေးမှု မရှိစေဘဲ မဲပေးခွင့်ပြုရင်း အများပြည်သူ ဘေးကင်းကြောင်း သေချာစေနိုင်ရပါမည်။

လူမှုအသိုင်းနှင့် ပြင်ပမှ ပါဝင်ပြောဆိုမှုတို့အပေါ် တုံ့ပြန်ပေးရန် လိုလိုလားလားရှိသည့်အတွက် ကျေးဇူးတင်ပါသည်။ သင်နှင့် သင့်ဝန်ထမ်းတို့နှင့် ကျွန်ုပ်တို့ ထားရှိသော ပွင့်လင်းသည့် ဆက်သွယ်ပြောဆိုမှုအတွက် ကျွန်ုပ်တို့ ကျေးဇူးတင်ပါသည်။ မေးစရာများ သို့မဟုတ် သဘောထားမှတ်ချက်များ ရှိပါက ကျွန်ုပ်တို့ကို အချိန်မရွေး ဆက်သွယ်ပါ။

လေးစားစွာဖြင့်၊

Fred Nisen
Voting Rights ကြီးကြပ်ရေး ရှေ့နေ
Voting Rights Practice Group

Jason H. Connor
Voting Rights ဝန်ထမ်းရှေ့နေ
Voting Rights Practice Group

Paul R. Spencer
Voting Rights ဝန်ထမ်းရှေ့နေ
Voting Rights Practice Group

---

**မှတ်ပုံတင်နှင့် ရွေးကောက်ပွဲများဌာနခွဲ၏ ပြန်စာ**

သို့ Mr. Nisen, Mr. Spencer နှင့် Mr. Connor-

နိုဝင်ဘာလ ၃ ရက်နေ့ရွေးကောက်ပွဲအတွက် ကျွန်ုပ်တို့၏ ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွက် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အစီအစဉ် ၂၀၂၀ ခုနှစ်အပေါ် သဘောထားမှတ်ချက်များနှင့် အကြံပြုချက်များ ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ မှတ်ပုံတင်နှင့် ရွေးကောက်ပွဲဌာနခွဲသည် မသန်စွမ်းမှုများရှိသည့် ကာလီဖိုးနီးယား ပြည်နယ်သားတို့၏ ရပိုင်ခွင့်များကို ကာကွယ်၍ ထောက်ခံပြောဆိုရာတွင် (ကာလီဖိုးနီးယားပြည်နယ် မသန်စွမ်းမှုအခွင့်အရေးများ) Disability Rights California ၏ ကျွမ်းကျင်မှုကို များစွာလေးစားပြီး

ကျွန်ုပ်တို့လူမှုအသိုင်းအဝိုင်းရှိ မသန်စွမ်းမှုရှိသူများကို မည်သို့ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ကြောင်း သင်တို့၏ကျွမ်းကျင်မှုများ ထောက်ပံ့ပေးနေသည့် လုပ်ဖော်ကိုင်ဖက် အဖြစ် ကျွန်ုပ်တို့အားထားပါသည်။

ကျွန်ုပ်တို့၏ မဲပေးစင်တာများ၊ မိုဘိုင်းမဲပေးစင်တာ၊ ယာယီ မဲပေးစင်တာများနှင့် မဲစာတိုက်ပုံးများ၏ တည်နေရာများကို မဲပေးသူ၏ ရွေးချယ်ချက် အက်ဥပဒေ၏ စံများအပြင် လူမှုအသိုင်းအဝိုင်း၏ ပါဝင်ပြောဆိုချက်ကို လိုက်နာလျက် အမြဲ ရွေးချယ်သည်ဆိုသည်မှာ မှန်ပါသည်။ ဤဖြည့်စွက်ချက်တွင် ဤအချက်အလက်ကို ကျွန်ုပ်တို့ ဖြည့်သွင်းပြီးပါပြီ။ မဲပေးသည့်နေရာများ၊ မဲစာတိုက်ပုံးများနှင့် ၎င်းတို့၏တည်နေရာများအားလုံးကို သွားလာနိုင်ကြောင်းကိုလည်း ကျွန်ုပ်တို့ ဖြည့်သွင်းပြီးပါပြီ။

ဤဖြည့်သွင်းချက်ကို ကျွန်ုပ်တို့၏ ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အစီအစဉ်နှင့် တွဲဖက်၍သုံးရန် စာရွက်စာတမ်းတစ်ခုအဖြစ် ကျွန်ုပ်တို့ မြင်ပါသည်။ ပြန်ပြောင်းတွေးကြည့်သည့်အခါ ဤအချက်အလက်ကို ရွေးကောက်ပွဲစီစဉ်သည့် စာရွက်စာတမ်းတိုင်းတွင် ထည့်သွင်းခြင်းသည် အကောင်းဆုံးအလေ့အထဖြစ်ကြောင်း ကျွန်ုပ်တို့ သင်နှင့် သဘောတူပါသည်။ ကျွန်ုပ်တို့မဲပေးသည့်နေရာများကို ရွေးချယ်ရာတွင် အသုံးပြုသည့် စံများကို ကျွန်ုပ်တို့ဂုဏ်ယူစွာ ဖော်ပြပြီး တည်နေရာ အားလုံးကို သွားလာနိုင်ကြောင်း ဂုဏ်ယူစွာ ဖော်ပြထားပါသည်။ ဤစာရွက်စာတမ်းအတွက် ဤအကောင်းဆုံး အလေ့အထကို ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ ၎င်းကို နောက်နောင်စာရွက်စာတမ်းများတွင် ထည့်သွင်းသွားပါမည်။

ကျွန်ုပ်တို့သည် နဂိုမူလက ကျွန်ုပ်တို့၏ ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွက် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အစီအစဉ်တွင်ထည့်သွင်းခဲ့သကဲ့သို့ ပလက်ဖောင်းဘေးမှ မဲပေးခြင်းကို ဖြည့်စွက်ချက်တွင် ဆွေးနွေးထားခဲ့ခြင်း မရှိပါ။ COVID ပတ်ဝန်းကျင်တွင် ပလက်ဖောင်းဘေးမှ မဲပေးခြင်းဆောင်ရွက်ရာ၌ လိုအပ်သည့်အပြောင်းအလဲများကို အသေးစိတ်ဖော်ပြရန် လိုအပ်ကြောင်း ထောက်ပြသည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့သည် အချက်အလက်များကို ဖြည့်စွက်ချက်တွင်ရော ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင်ပါ ဖြည့်သွင်းပြီးပါပြီ။

သင်တို့၏အကြံပြုချက် ရရှိသည့်အခါ ကျွန်ုပ်တို့သည် ကာလီဖိုးနီးယားပြည်နယ် ပြည်သူ့ကျန်းမာရေးဌာန၏ မျက်နှာ ဖုံးအုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်ကို ရည်ညွှန်းထားချက်ကို ပယ်ဖျက်လိုက်ပါသည်။ ရှင်းလင်းစွာ ပြောရမည်ဆိုပါက မျက်နှာဖုံးတပ်ဆင်မထားသည့် မဲပေးသူတစ်ဦးကို ကျွန်ုပ်တို့ နှင်ထုတ်မည်မဟုတ်သည့်အပြင် မျက်နှာဖုံးမပါသည့် မဲပေးသူတစ်ဦးကို (CCROV အမှာစာ အမှတ် ၂၀၁၅၄ အရ) မလိုအပ်ဘဲ နှောင့်နှေးစေမည် မဟုတ်ပါ။

မဲပေးစင်တာကိုယ်စားလှယ်အားလုံးကို မသန်စွမ်းမှုရှိသူများအပေါ် နားလည်မှုရှိရန် သင်ကြားပေးထားပါသည်။ မသန်စွမ်းမှုများရှိသည့် မဲပေးသူအားလုံးကို သိက္ခာရှိရှိ လေးစားစွာ ဆက်ဆံရန်မှာ မှတ်ပုံတင်နှင့် ရွေးကောက်ပွဲများ ဌာနခွဲအတွက် ပဓာနကျဆုံး ဖြစ်ပါသည်။ မဲပေးသူအားလုံးကို သိက္ခာရှိရှိ လေးစားစွာ တန်းတူဆက်ဆံရန်မှာ ကျွန်ုပ်တို့၏ ရည်မှန်းချက်ဖြစ်ပါသည်။